


အမေရိကရဲ့ ပြည်နယ်အများစုမှာ မြို့ငယ်တွေမှာပဲ ပြည်နယ်အစိုးရ ရုံးစိုက်ပေမယ့် အရီဇိုးနားမှာတော့ ထူးထူးခြားခြား အကြီးဆုံးမြို့မှာ ဖြစ်နေတယ်။ မြို့နာမည်က ဖိနစ်စ် (Phoenix) တဲ့။ တစ်ငံလုံးမှာ ငါးခုမြောက် လူဦးရေ အများဆုံးမြို့။ လူဦးရေ တစ်သန်းခွဲရှိတယ်။ Sun Valley လို့ခေါ်တဲ့ ဖိနစ်စ်ဧရိယာအတွင်း မြို့နယ်ခွဲ ၁၂ ခုမှာ လူဦးရေ လေးသန်းနဲ့ သုံးသိန်းလောက် နေထိုင်တယ်။ အမေရိကမှာ မြေဧရိယာအကျယ်ဆုံး မြို့တွေထဲက တစ်မြို့။ John McCain လို ကမ္ဘာကျော် နိုင်ငံရေးသမား ၆_ယောက်ထက် မနည်း ပေါ်ထွက်တဲ့ မြို့။ ဆိုနိုရန် သဲကန္တာရ (Sonora Desert) မှာ တည်ရှိလို့ အမေရိက မြို့ကြီးတွေထဲမှာ အပူဆုံးမြို့။ တစ်နှစ်မှာ ခုနစ်လလောက်က ပျမ်းမျှအပူရှိန် ၁၀၀ ဒီဂရီဖာရင်ဟိုက်၊ တစ်ချို့လတွေမှာ ၁၂၀ ဒီဂရီဖာရင်ဟိုက်။ မြန်မာနိုင်ငံကို အင်္ဂလိပ်တို့ မသိမ်းခင် ငါးနှစ်အလိုက မြို့ပြအဖြစ် တည်ထောင်ခဲ့တယ်။ ဖိနစ်စ်ဆိုတာ ကန္တာရမှာ မီးလောင်သေဆုံးပြီး ပြာကနေ ပြန်ရှင်လာတယ်ဆိုတဲ့ ဒဏ္ဍာရီထဲက ငှက်ပဲ။

ဘုန်းကြီးနေတဲ့မြို့က ဖိနစ်စ်ရဲ့ အရှေ့ဖက် ၂၇ မိုင် အကွာမှာ ရှိတယ်။ နာမည်က အပါချီ (Apache)တဲ့။ တစ်ချိန်က အပါချီ Native လူမျိုးတွေ အများစု နေထိုင်ခဲ့ပုံပဲ။ သီးခြား မြို့ပြဖြစ်လာတာ နှစ် ၂၀ ပဲ ရှိသေးတယ်။ ဘုန်းကြီးနေတဲ့ လမ်းနာမည်က Wickiup (ဝိကီးအပ်ပ်) တဲ့။ ဝိကီးအပ်ပ် ဆိုတာ အပါချီတို့နေတဲ့ အိမ်ကို ခေါ်တာ။ သစ်သား ချောင်း ရှည်ရှည်ကို အပေါ်မှာ စုချည်၊ အောက်ပိုင်းကို ကားပြီးထောင်၊ လှူဝင်ပေါက်လောက် ချန်ပြီး မြက် ဒါမှမဟုတ် သားရေနဲ့ ကာမိုးထားတဲ့ တဲပါပဲ။ ဒီရပ်ကွက်က အေးချမ်းပါတယ်။ ပတ်ဝန်းကျင်က အိမ်တွေလည်း နားလည်မှု ရှိတယ်။ မြေအကျယ် တစ်ဧကနဲ့ တစ်မတ် ရှိပြီး ခြံစည်းရိုး အကာအရံမရှိဘဲ ဟာလာဟင်းလင်း နေခဲ့တာ ခုဆို သုံးနှစ်ကျော်ပြီ။ ဒီအတွင်း ဘာပစ္စည်းမှ မပျောက်ဖူးဘူး။ ကဲပိုက တစ်ခါတစ်ရံ ခရီးတိုဆိုရင် ဘုန်းကြီးကျောင်း တံခါးကိုတောင် မပိတ်မိဘဲ အပြင်ကို ထွက်သွားလိုက် သေးတယ်။ ဒါပေမယ့် လူမျိုးခြား ဘာသာခြားဆိုတဲ့ အတွင်းသိနဲ့ သတိတော့ မြဲပါတယ်။

ဘုန်းကြီးကျောင်းရဲ့ အရှေ့ဖက် သုံးမိုင်လောက်မှာ စူပါစတေရှင်လို့ ခေါ်တဲ့ တောင်ကို မြင်နေရတယ်။ သစ်ပင် တစ်ပင်မှ မရှိဘူး။ ကျောက်ဖြုန်း တောင်ကတုံးကြီး။ ၅၀၅၇ ပေ မြင့်တယ်။ တောင်ခြေမှာတော့ ကန္တာရပင်တွေပေါ့။ ဘုန်းကြီးက အဲဒီ တောင်ကို အဖော်ရှိရင် မကြာမကြာ တောင်သွားတက်တယ်။ နွေဦးပေါက် ရာသီဆိုရင် သိပ်သာယာတာပဲ။ တောင်ခြေ တစ်ခုလုံး ကန္တာရပင်တွေ ဝေနေအောင် ပွင့်တယ်။ ခရမ်းရောင်နဲ့ အနီရောင်က ဟိုတစ်စု ဒီတစ်စု။ တစ်ပြင်လုံး အများစုက အဝါရောင်။ တောင်တစ်ဝက်လောက် မြင့်တဲ့ ရှုခင်းသာ (ဗျူးပွိုင့်)ကနေ ကြည့်ရင် ပန်းဖောက်ထားတဲ့ ကော်ဇောဝါကြီး ခင်းထားသလို ထင်ရတယ်။ ခပ်လှမ်းလှမ်းမှာ အပါချီမြို့နဲ့ မေဆာ (မြန်မာတွေက မဲဇာလို့ ခေါ်တယ်) မြို့ပေါ့။ အနီးဆုံးက သရဲမြို့ (Ghost Town) မိုင်းတွင်းနဲ့ ပြတိုက်။ အရင်က ရွှေတူးတဲ့ တွင်းဟောင်းတွေ၊ ရွှေတူးသမားတွေရဲ့ နေထိုင်ပုံ နေ့စဉ်ဘဝတွေကို ပြထားတယ်။ ဝင်ကြေး လူကြီးတစ်ယောက်ကို ၁၅ ဒေါ်လာ။ ခေတော့ မခေဘူး။

ပထမအကြိမ် တောင်တက်တုန်းက မှတ်မှတ်ရရ ဖြစ်သွားခဲ့တယ် .. အဲဒီတုန်းက တပည့်ကျော် ခရစ်စ်နဲ့ သူ့မိတ်ဆွေ တစ်ယောက်လည်း ပါတယ်။ ဘုန်းကြီး အရင်ဆုံး နှစ်သက်မိတာက လူသွားလမ်း တစ်ဖက်တစ်ချက်မှာ မြင်ရတဲ့ ငွေရောင် ဖွေးပြီး ဝိုင်းစက်နေတဲ့ အပွင့်တွေနဲ့ အပင်။ နာမည်က Cholla (အသံထွက် ချိုင်ယာ)တဲ့။ မင်းဂွတ်သီးလုံး သာသာ ရှိပြီး အလယ်က အနှစ်က ဆီးသီးလောက်။ ဒူရင်းသီးလို ဆူးပတ်လည် ဝိုင်းနေတယ်။ ဆူးတွေက ချုပ်အပ်လို ရှည်ပြီး ပိုစိပ်တယ်။ လူတစ်ရပ်သာသာ မြင့်တဲ့ ပင်စည်ပေါ်မှာ အဲဒီလို ပန်းပွင့်လုံးလေးတွ တစ်လုံးပေါ် တစ်လုံးဆင့်။ အဝေးကကြည့်ရင် တကယ့် ငွေပန်းရုံပါပဲ။ ခရစ်စ်ရေ၊ ဒီပန်းတွေ သိပ်လှတာပဲဆိုတော့ သူက ပြောနေကျအတိုင်း ‘Beautiful, but dangerous. Ddon't touch it.’တဲ့။ ခရစ်စ်ရဲ့ ငယ်ရည်းစားက ချောသလောက် မျက်နှာများသတဲ့။ ဒါနဲ့ ခပ်ရိုးရိုး ခရစ်စ်က ကျန်ရစ်ဖြစ်ပြီး ‘လှတော့ လှတယ်၊ အန္တရာယ်များတယ်၊ မထိနဲ့’ဆိုတဲ့ သီအိုရီနဲ့ပဲ ကျေနပ်နေရတာ။

ခပ်ငယ်ငယ်က နေကြတ်တဲ့ အချိန်မှာ နေကိုမကြည့်ဖို့ ရေဒီယိုက ကြေညာတော့ ဘုန်းကြီးဖြစ်ခဲ့ပုံက ခါတိုင်းရက်ဆို နေကို သတိတောင် မရပေမယ့် အဲဒီနေ့ကျမှ အလိုလို သတိရနေပြီး နေကို ကြည့်ချင်နေတယ်။ ကြည့်လည်း ကြည့်ဖြစ်ခဲ့တယ်။ ခုလည်း ဒီထူးခြားတဲ့ ပန်းလုံးလေးတွေကို မြင်တော့ ကိုင်ကြည့်ချင်လိုက်တာ စိတ်ထဲ ရွစိရွစိ ဖြစ်နေတယ်။ အရေးထဲ မထိနဲ့ဆိုတော့ ပိုဆိုးတာပေါ့။ ထိရင် ဘာဖြစ်မလဲ ဆိုတဲ့ အတွေးက ဝင်လာတာကိုး။ ဘုန်းကြီး ထိုင်လိုက်တယ်။ အဝေးက ကြည့်တော့ လှလိုက်တဲ့ ပန်းကလေးနှယ်။ အနီးကပ်ကြည့်မှ ဆူးတွေက ချွန်ထက်လှချည်လား။ ဘုန်းကြီးရဲ့ လက်ညှိုးက ဆူးပန်းလုံးပေါ်မှာ ဝဲနေတယ်။ ခရစ်စ်က‘ဘုန်းဘုန်း အဲဒီလို မလုပ်နဲ့လေ၊ အဲဒီပန်းမှာ သံလိုက်ဓာတ် ရှိတယ်။ ဘုန်းဘုန်းရဲ့ လက်ကို ခုန်တက်တော့မယ်’လို့ ခပ်လှမ်းလှမ်းက စိုးရိမ်တကြီးနဲ့ အော်ပြောတယ်။ စကား မဆုံးသေးဘူး၊ မြေကြီးနဲ့ တစ်လက်မလောက် အကွာကနေ ဆူးလုံးတစ်ခု ခုန်ပြီး လက်ညှိုးဖျားမှာ လာကပ်နေပြီ။

ရုတ်တရက် လက်မကို လှုပ်လိုက်မိလို့ ဆူးနှစ်ချောင်းက လက်မကို ပါ ထိန်းထားလိုက်တယ်။ လက်ညှိုးက ဆူးသုံးချောင်းလည်း တဖြည်းဖြည်း နစ်ဝင်လာနေတယ်။ ဘာမှ မလှုပ်နိုင်တော့ဘူး။ ဘုန်းကြီး လန့်သွားတယ်။ အတူပါလာသူ မိုက်ကယ်နဲ့ ခရစ်စ်တို့ ထိတ်ထိတ်ပျာပျာနဲ့ ပြေးလိုက်လာတယ်။ မိုက်ကယ်က ဆက်ကျော်သက်အရွယ် စစ်သား ခရေဇီကောင်။ စစ်တက္ကသိုလ်တက်ဖို့ ပြင်ဆင်တဲ့ အနေနဲ့ ပေါင်လေး ဆယ်ရှိတဲ့ ကျောပိုးအိတ်ကို သွားလေရာ ယူတယ်။ အိတ်ထဲမှာ စားသောက်စရာ၊ ရေဘူး၊ ဓား၊ ဓာတ်မီး၊ ကတ်ကြေး စသည်ပေါ့။ ပေါင်မပြည့်ရင် အုတ်ခဲကို ထည့်ယူတယ်။ အခု ဒီကောင် တစ်နှစ် တာဝန်နဲ့ အီရတ်မှာ။ ခရစ်စ်က ထိုင်မလို ထမလိုနဲ့ ပါးစပ်က ပွစိပွစိ လုပ်နေတုန်း မိုက်ကယ်က ပါလာတဲ့ ကတ်ကြေးနဲ့ စူးနေတဲ့ ဆူးချောင်းတွေကို ဖြတ်လိုက်တော့မှ ဆူးလုံး ပြုတ်ကျသွားတယ်။ အသားထဲ ဝင်ကျန်နေတဲ့ ဆူးတွေကို ဇာဂနာနဲ့ ညှပ်ယူရတယ်။ ပြီး .. မိုက်ကယ်က ‘You had Cholla acupuncture.’တဲ့။

ခရစ်စ်က စိတ်လှုပ်ရှားလာပြီ ဆိုရင် စကားပြောတာ စက်သေနတ် ပစ်သလိုပဲ။ ရယ်စရာလည်း ကောင်းတယ်။ မနည်း နားထောင်ယူရတယ်။ ထိုအခိုက် ရှေ့က ရှောင်တခင် ဖြတ်ပြေးသွားတဲ့ ယုန်ကလေးကို ကြည့်ကြည့်လို့ ပြပြီး ဘုန်းဘုန်းရဲ့ ပန်းငွေရုံက အဲဒီ တိရိစ္ဆာန်လေးတွေ

ကို သတ်တယ်တဲ့။ ဟင်၊ ဘယ်လို သတ်တုန်းဆိုတော့ သိန်းငှက်၊ လင်းယုန်ငှက်တို့က စားမလို့ သူတို့အပေါ် ကောင်းကင်က ဒိုင်ဗင်ထိုးချတဲ့အခါ သူတို့လေးတွေဟာ ကြောက်အားနဲ့ တစ်ရှိန်ထိုး ပြေးရင်း ဆူးချုံနဲ့ တိုးမိတယ်။ ဆူးလုံးတွေက သူတို့ရဲ့ နှာသီးဖျားမှာ ငြိတယ်။ ငြိတော့ ခါတယ်။ ခါတော့ ပိုစူးတယ်။ မပြေးနိုင်တော့ဘူး။ နောက်တော့ အစာမစားနိုင်တော့ဘဲ သေတာပါပဲတဲ့။ ရိုးရာလက်မှုပညာ တတ်တဲ့ Native American တွေက လက်မှု ကုန် ကြမ်းဖြစ်တဲ့ တိရိစ္ဆာန်အရိုးကို ဒီပန်းရုံအောက်တွေမှာ ရှာကြတာတဲ့။ ပြောနေဆဲမှာပဲ ကျစ်ဆံမြီးရှည်နဲ့ လူလတ်ပိုင်း နှစ် ယောက် စုပုံနေတဲ့ ဆူးပန်းလုံးတွေကို တုတ်ရှည်နဲ့ ယက်နေတာကို တွေ့ရတယ်။

ပြီးခဲ့တဲ့ ဆောင်းရာသီက ဘုန်းကြီးတို့ ကန္တာရမှာ မကြုံစဖူး မိုးဆယ်ကြိမ်လောက် ရွာတယ်။ နေလို့ သိပ်ကောင်းတာပဲ။ ရာသီဥတု ကောင်းလို့ ညှော်သည်လာရင် ကောင်းမှာပဲလို့ မျှောင်လင့်နေတုန်းပဲ ဘုန်းကြီး ဦးခေမာ တစ်လလောက် လာလည်တယ်။ အဖော်ရတာနဲ့ နှစ်ယောက်သား တောင်တက် သွားကြတာပေါ့။ တောင်တက် လမ်းကျဉ်းလေးကို လျှောက်ရင်း ဘုန်းကြီး ဖြစ်ပျက်ခဲ့ပုံကို ပြောပြတယ်။ အဆုံးမှာ အဲဒီ ပန်းလုံးလေးတွေကို မကိုင်နဲ့၊ မထိနဲ့ပေါ့။ သူက 'အင်း' ခံတာကလွဲပြီး သိပ်ဂရုစိုက်ဟန် မပြဘူး။ ခပ်ပေ့ါပေ့ါပါပဲ။ ကိစ္စမရှိ။ သူမှ မကြုံဖူးသေးတာဘဲ။ သူက မြင်မြင်သမျှ ဓာတ်ပုံရိုက်နေခိုက် ဘုန်းကြီးက ရှေ့ကို ကြိုသွားနှင့်ပြီး လမ်းဘေးက ခုံတန်းလျားမှာထိုင်ရင်း စောင့်ကြည့်နေတယ်။ သူက ကွင်းထိုးဖိနပ်နဲ့၊ ခြေအိတ် ဝတ်ထားတယ်။ ချိုင်ယာ ဆူးပန်းရုံဘေးကို ရောက်ပြီ။ ပန်းလုံးလေးတွေကို တစ်ချက် စောင်းကြည့်ပြီး လမ်းဖက်ကို ကြွေကျနေတဲ့ ဆူးလုံးကလေး တစ်ခုကို ဆတ်ခနဲ ခြေဖျားနဲ့ ကော်ပစ်လိုက်တယ်။

ဘုန်းကြီး ထိုင်ရာက မထသေးဘဲ သူ ဘာလုပ်မလဲလို့ ကြည့်နေတယ်။ သူက ခြေမပေါ်ကပ်နေတဲ့ ဆူးလုံးကို ခြင်းခတ်သလို တစ်ချက်နှစ်ချက် ခါပစ်တယ်။ ဘယ်ရမလဲ၊ သံလိုက်ဓာတ် ရှိပါတယ်ဆို။ နောက်ဆုံး သူ ဘုန်းကြီးကို လှည့်ကြည့်တယ်။ ကိုယ်တော် လုပ်ပါအုံး ... လုပ်ပါအုံးတဲ့။ သူ အတော် တုန်လှုပ်နေပြီ။ ကင်မရာကိုတောင် လမ်းဘေး ပစ်ချလိုက်ပြီ။ အဲဒီတော့မှ ဘုန်းကြီး ထိုင်နေရာက ခပ်သွက်သွက်ထ၊ ခပ်မာမာ တုတ်ချောင်းတစ်ခု ရှာရင်း မခါနဲ့ မခါနဲ့၊ ငြိမ်ငြိမ်နေလို့ ပြောလိုက်တယ်။ ပြီးမှ အပြေးလေး လိုက်သွားပြီး တုတ်ချောင်းနဲ့ ဆူးလုံးကို ထိုးချတယ်။ သားရေပင်နဲ့ တုတ်ထားသလို တင်းနေတာပဲ။ ပြုတ်ကျန်နေခဲ့တဲ့ ဆူးချောင်းလေးတွေကို စက္ကူစခံပြီး လက်နဲ့ ခပ်တင်းတင်း ဆွဲထုတ်ရတယ်။ ရောင် သလား ကိုယ်တော်တဲ့။ တစ်ညလောက်တော့ နည်းနည်း ရောင်တယ်၊ နာတယ်။ မနက်တော့ ပျောက်သွားတာပဲ။ ဒီတော့မှ သူက 'သြော် .. ကျွတ်ကျွတ်၊ တကယ့် သံလိုက်ပန်းပဲ။ ကြောက်စရာကြီး'တဲ့။ ❐

---------------------

